ICIMOD

FOR MOUNTAINS AND PEOPLE

# ဒေသခံအခြေပြုသတင်းအချက်အလက် အရင်းအမြစ်ဌာန

## ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သည့်လုပ်ငန်းအစီအစဉ်



အောက်ပါလုပ်ငန်း(၃)ခုတွင် မိတ်ဖက်အဖွဲ့အစည်းများမှ ကူညီပံ့ပိုးစေလိုပါသည်။

| တည်ဆောက်ရေးဆိုင်ရာပံ့ပိုးမှု | လေ့ကျင့်ရေးဆိုင်ရာပံ့ပိုးမှု | ပစ္စည်းများဆိုင်ရာပံ့ပိုးမှု |
|---|---|---|
| - သတင်းအချက်အလက်ဖြန့်ဝေရေး အခြေခံအဆောက်အဦ<br>- ဧည့်ရိပ်သာအသေးစား<br>- ဈေးဆိုင်ငယ်<br>- CIRC မြေယာရှုခင်းပုံစံ<br>- ဆေးဘက်ဝင်အပင်ဉယျာဉ် | - ဧည့်လမ်းညွှန်သင်တန်း<br>- ဧည့်သည်ဝန်ဆောင်မှုနှင့်ဧည့် ရိပ်သာအသေးစားစီမံအုပ်ချုပ်မှု သင်တန်း<br>- ဆင့်ပွားထုတ်ကုန်များဖွံ့ဖြိုးရေး<br>- ရေရှည်တည်တံ့သောမြေယာစီမံခန့် ခွဲမှုနည်းပညာပေးခြင်းနှင့်မြှင့်တင် ခြင်း<br>- ခရီးသွားလုပ်ငန်းဆွဲဆောင်မှုဖွံ့ဖြိုး ရေးသင်တန်း | သတင်းအချက်အလက်ဝန်ဆောင်မှုအတွက်ပရိဘောဂများနှင့် ပစ္စည်းကိရိယာများ ဧည့်ရိပ်သာအသေးစားအတွက်ပရိဘောဂ များနှင့် ပစ္စည်းကိရိယာများ<br>- သရုပ်ပြနေရာအား ပြသရန်နည်းပညာ များနှင့် လက်တွေ့ဆောင်ရွက်မှုများ လျှပ်စစ်ရရှိနိုင်ရေးအထောက်အပံ့များ (နေရောင်ခြည်/အသေးစားရေအား လျှပ်စစ်)<br>- ရေ/သန့်ရှင်းရေး<br>- စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲခြင်း<br>- မြေပုံများနှင့်ပတ်ဝန်းကျင်ပညာပေး ဆိုင်ရာပစ္စည်းများ<br>- ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ |


အသေးစိတ်အချက်အလက်များ ရရှိလိုပါကအောက်ပါပုဂ္ဂိုလ်များအား ဆက်သွယ်နိုင်ပါသည်-

**မြန်မာနိုင်ငံ**

ဦးဝင်းနိုင်သော် nwcdfdmof@gmail.com
သစ်တောဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ဦးအောင်မောင်း uaungmaung1@gmail.com
အုပ်ချုပ်ရေးမှူး၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်

**အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသဖွံ့ဖြိုးရေးဗဟိုအဖွဲ့ (ICIMOD)**

Ms. Bandana Shakya Bandana.Shakya@icimod.org
Dr. Yi Shaoliang Yi.Shaoliang@icimod.org
ဦးအောင်သူမိုး Aung.Moe@icimod.org



**Photos:** Aung Thu Moe, Gumring Jungkum, Bandana Shakya

ICIMOD gratefully acknowledges the support of its core donors: the Governments of Afghanistan, Australia, Austria, Bangladesh, Bhutan, China, India, Myanmar, Nepal, Norway, Pakistan, Sweden, and Switzerland.



© ICIMOD 2018



International Centre for Integrated Mountain Development
GPO Box 3226, Kathmandu, Nepal
**Tel** +977-1-5245222 **Email** info@icimod.org
**Web** www.icimod.org/hi-life

ပူးပေါင်းပါဝင်သည့် သဘာဝသယံဇာတအရင်းအမြစ်စီမံအုပ်ချုပ်ခြင်းသည် ဇီဝမျိုးစုံမျိုးကွဲအပေါ်အခြေခံသော ထိန်းသိမ်းရေးနှင့်ဆက်နွယ်နေသော အသက်မွေးမှုများအတွက် ကောင်းမွန်ပါသည်။ လူမှုဘဝနှင့် ဇီဝမျိုးစုံမျိုးကွဲများအကြား ဆက်စပ်မှုကို အတူတကွမြှင့်တင်ရန်အစိုးရ၊ ဒေသခံပြည်သူများနှင့် အခြားဆက်စပ်ပတ်သက်သူများကို ဆောင်ကြဉ်းပေးသည့်အစီအစဉ်သည် အလွန်အရေးကြီးပါသည်။

မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ဝါဆာဒမ်းရွာတွင်တည်ထောင်လျက်ရှိသည့် ဒေသခံအခြေပြု သတင်းအချက်အလက်အရင်းအမြစ်ဌာန (Community Information Resource Centre-CIRC) သည် အထက်ပါအစီအစဉ်ဖြစ်ပါသည်။ ၎င်းအစီအစဉ်အတွက် နမ့်ပလတ်ကြိုးပြင်ကာကွယ်တောအတွင်း မြေနေရာတစ်ခုကိုခွင့်ပြုပေးထားပြီးဖြစ်ပါသည်။ CIRC သည် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသည့် ရေဝေရေလဲဒေသတစ်ခုဖြစ်ပြီး ဦးစားပေးထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်သည့် ခါကာဘိုရာဇီဒေသအတွက်ဆောင်ရွက်ခြင်းဖြစ်သည်။ ဤဒေသသည် ထူးခြားသည့်ကိုယ်ပိုင်ယဉ်ကျေးမှုများနှင့် ဓလေ့ထုံးတမ်းစဉ်လာများကိုပိုင်ဆိုင်သည့် ရဝမ်နှင့် လီဆူလူမျိုးတို့ရှင်သန်ကြီးပြင်းနေထိုင်ရာ ဒေသလည်းဖြစ်သည်။

## CIRC ၏ဝိသေသလက္ခဏာများ

- **အစိုးရအသိအမှတ်ပြုခြင်း**: ပူတာအိုခရိုင်အုပ်ချုပ်ရေးအဖွဲ့မှထောက်ခံအားပေးသည်။
- **မိတ်ဖက်အဖွဲ့အစည်းများမှအကောင်အထည်ဖော်ခြင်း**: ဆက်စပ်ဌာန၊ အဖွဲ့အစည်းများသည် CIRC တွင်ပါဝင်နိုင်သည်။
- **ဒေသခံများစီမံအုပ်ချုပ်ခြင်း**: ကျေးရွာ (၉) ရွာ၏ကော်မတီအဖွဲ့များမှဆောင်ရွက်မည်။
- **ပြည်သူ့ဗဟိုပြု**: ပြည်သူများ (ဒေသခံအစုအဖွဲ့ဝင်များ၊ ခရီးသွားဧည့်သည်များ၊ အစိုးရဝန်ထမ်းများ၊ ကျောင်းသားများ၊ သုတေသီများ) အသုံးပြုရန်အတွက်ဖြစ်သည်။
- **လုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ခြင်း**: ပူတာအိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဆက်စပ်ပတ်သက်သူများပါဝင်သည့်အကြံပေးကော်မတီမှကူညီပံ့ပိုးမည်။

ဒေသမှရရှိနိုင်သည့်ပစ္စည်းများနှင့် ဂေဟစနစ်နှင့် လိုက်လျောညီထွေဖြစ်သည့် ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်များကိုအသုံးပြု၍ အခြေခံအဆောက်အဦကိုတည်ဆောက်မည်ဖြစ်သည်။ ရဝမ်နှင့်လီဆူလူမျိုးတို့၏အိမ်ပုံစံအတိုင်းဖြစ်ပြီး အောက်ပါရည်ရွယ်ချက်များအတွက် အသုံးပြုမည်ဖြစ်သည်-

၁။ **ဒေသခံနှင့်ခရီးသွားများအတွက်သတင်းအချက်အလက်ဝန်ဆောင်မှု**

ထိန်းသိမ်းရေးဆိုင်ရာပညာပေးနှင့် သိမြင်နိုးကြားမှုမြှင့်တင်ခြင်းအားကူညီရန် ခါကာဘိုရာဇီဒေသနှင့် ထိန်းသိမ်းရေးလုပ်ငန်းများအပါအဝင် သဘာဝပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုတန်ဖိုးများဆိုင်ရာအချက်အလက်များ၊ သတင်းအရင်းအမြစ်များနှင့် ပညာပေးပစ္စည်းများပြသထားရှိမည့် အဆောက်အဦတစ်ခုဖြစ်သည်။

၂။ **ဧည့်ရိပ်သာဝန်ဆောင်မှု**

ဒေသခံများအားသဘာဝအခြေခံခရီးသွားလုပ်ငန်းတွင်ပါဝင်စေရန် ခရီးသွားဧည့်သည်များ တည်းခိုနေထိုင်နိုင်ပြီး၊ ရဝမ်နှင့်လီဆူလူမျိုးတို့၏ ဧည့်ဝတ်ကျေပွန်မှု၊ ဒေသအစားအစာ၊ ယဉ်ကျေးမှုများနှင့် မိရိုးဖလာထုံးတမ်းစဉ်လာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအတွေ့အကြုံများကို ရရှိစေမည့်ဒေသခံများစီမံအုပ်ချုပ်သည့် ဧည့်ရိပ်သာအသေးစားဖြစ်သည်။

၃။ **လက်တွေ့သရုပ်ပြနေရာ**

ရေရှည်တည်တံ့သည့်မြေယာနှင့်ရေစီမံအုပ်ချုပ်မှုနည်းပညာများအားမြှင့်တင်ရန် ကုန်ကျစရိတ်နည်းပါးပြီး၊ ရိုးရှင်းလွယ်ကူသည့် မြေဆီလွှာနှင့် ရေစီမံအုပ်ချုပ်မှုနည်းပညာများအား ဒေသခံများ၎င်းတို့၏ ကျေးရွာများတွင်ပြန်လည်အသုံးပြုနိုင်ရန် အလွန်ကောင်းမွန်သော လ က်တွေ့ပြသမည့်စမ်းသပ်ကွက်ဖြစ်သည်။

၄။ **ဒေသခံဈေး**

ဒေသထွက်ကုန်များနှင့် လက်မှုပစ္စည်းများရောင်းချရန်နေရာပံ့ပိုးရန် ခရီးသွားဧည့်သည်များသို့ ဒေသထွက်ကုန်များနှင့် လက်မှုပစ္စည်းများခင်းကျင်းရောင်းချမည့်ဈေးသည် ဆင့်ပွားထုတ်ကုန်များနှင့် စီးပွားဖြစ်လုပ်ငန်းဖြစ်လာရေးဆိုင်ရာ အခြေခံသဘောတရားကို ပြသနိုင်မည်။

CIRC တည်ဆောက်ခြင်းအောင်မြင်ရန် အောက်ပါလုပ်ငန်းအဆင့် (၄)ဆင့် လိုအပ်ပါသည်။

က) အခြေခံအဆောက်အဦတည်ဆောက်ခြင်း
ခ ) စွမ်းဆောင်ရည်တည်ဆောက်ခြင်း
ဂ ) လုပ်ငန်းလည်ပတ်ခြင်း
ဃ) ကိုယ်အားကိုယ်ကိုးဖြင့်ရေရှည်တည်တံ့စေခြင်း

Wa San Dum Village, Myanmar



Local innovation - water mill



The village head showing Rawang cultural artifact

